# ကျောင်းကျန်းမာရေး



ကျောင်းကျန်းမာရေးအနေဖြင့် ကျောင်းသားလူငယ်များအားလုံး ကျန်းမာရေး အဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေး စီမံချက်အား ၁၉၉၈ ခုနှစ်မှစတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် ကျောင်းကျန်းမာမှုအဆင့်မြှင့်တင်ရေး စီမံချက်အား တစ်နိုင်ငံလုံးရှိ ကျောင်းများအားလုံးကို လွှမ်းခြုံမှုရရှိအောင် ဆောင်ရွက်လျက်ရှိပါသည်။



မြန်မာနိုင်ငံသည် ၂၀၀၂ ခုနှစ်မှ စတင်၍ ကျောင်းများတွင်သန်ချဆေးတိုက်ကျွေးခြင်း စီမံချက်ကို စတင်ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နည်းပညာ အကူအညီ၊ ဂျာမန်ဆေးဝါးနှင့် ကျန်းမာရေး ရန်ပုံငွေအဖွဲ့၏ ငွေကြေးအထောက်အပံ့ဖြင့် အခြေပြုစစ်တမ်းတစ်ခုကောက်ယူနိုင်ခဲ့ပါသည်။ ၎င်းစစ်တမ်းအရ ကျောင်းနေအရွယ်ကလေးငယ်များတွင် မြေကြီးမှတစ်ဆင့် ကူးစက်သော သန်ကောင်ရောဂါဖြစ်ပွားမှုနှုန်းမှာ များပြားနေပြီး ဖြစ်ပွားနိုင်ခြေလည်း မြင့်မားနေသဖြင့် ကလေးများအား တစ်နှစ်လျှင် နှစ်ကြိမ် သန်ချပေးရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ထို့နောက် ဒေသတွင်းမှ ကျောင်းဆရာ/ဆရာမ(၂၀၀)ဦးကို ကျန်းမာရေးပညာပေးခြင်းနှင့် ကျောင်းနေအရွယ်ကလေးများအား သန်ကောင်ရောဂါကုသခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် ယင်းဒေသတွင်းရှိ မူလတန်းကျောင်း (၂၀၀)မှ ကလေးငယ် (၂၅၀၀၀)ကို ကုသပေးနိုင်ခဲ့ပါသည်။ ကျန်းမာရေးအဆင့်မြှင့် ကျောင်းစီမံချက်တွင် သန်ချကုသပေးမှုကို ပါဝင်ပူးပေါင်း ဆောင်ရွက်လာရေးသည် မြန်မာနိုင်ငံ၏ ကျောင်းအခြေပြု သန်ကောင်ရောဂါတိုက်ဖျက်ရေး စီမံချက်၏ အဓိကကျသော မဟာဗျူဟာ တစ်ရပ်ပင်ဖြစ်သည်။



၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် ပြည်နယ်/တိုင်းအားလုံးရှိ ကျောင်းနေအရွယ်ကလေး (၄.၈)သန်း နှင့် မူကြိုကလေးငယ် (၂.၁) သန်းတို့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့တို့၏ အထောက်အပံ့ဖြင့် သန်ချပေးနိုင်ခဲ့သည်။ ပြန်ကြားရေး၊ ပညာပေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများ (လက်ကမ်းစာစောင် ၂ သန်း၊ ပိုစတာ ၂ သိန်းနှင့် လမ်းညွှန်စာအုပ် ၂သိန်း) ကို ကျောင်းများအားလုံးသို့ ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ သန်ချခြင်းနှင့် သက်ဆိုင်သော အသိပေး ဆွေးနွေးတင်ပြပွဲများကိုလည်း ပြည်နယ်/တိုင်း အားလုံးတွင် ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံကျောင်းအခြေပြု သန်ကောင်ရောဂါတိုက်ဖျက်ရေးစီမံချက်သည် နှီးနွှယ်ကျန်းမာရေး စီမံချက်များဖြစ်သော ကျောင်းကျန်းမာရေးစီမံချက်၊ အာဟာရဖွံ့ဖြိုးရေးစီမံချက်၊ မိခင်နှင့်ကလေး ကျန်းမာရေးစီမံချက်၊ ဆင်ခြေထောက်ရောဂါနှိမ်နင်းရေးစီမံချက်၊ ပညာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့၏ တက်ကြွစွာပူးပေါင်းပါဝင်မှုများဖြင့် အရှိန်အဟုန်မြင့်တင် ဆောင်ရွက် လျက် ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် လူငယ်များအတွက် ဦးစားပေးကျန်းမာရေးလိုအပ်ချက်များကို ယထာဘူတကျကျ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်နိုင်ရန် ပျိုရွယ်သူများ ကျန်းမာရေး ငါးနှစ် မဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၁၀) ကိုလည်း ချမှတ်ရေးဆွဲထားပါသည်။